## ၈၈ မျိုးဆက်ကျောင်းသားများမှ AIDSရောဂါကာကွယ်ရေးအထိန်းအမှတ်နေ့လှုပ်ရှားမှုများ ပြုလုပ်မည်
၂၉ နိုဝင်ဘာ ၂၀၀၆

ဒီဇင်ဘာလ ၁ ရက်နေ့မှာကျရောက်မယ့် ကမ္ဘာတဝှမ်း အေအိုင်ဒီအက်စ် ရောဂါကာကွယ်ရေး အထိန်းအမှတ်နေ့ အကြိုအဖြစ်နဲ့ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့က ကြေညာချက်တစ်စောင် ထုတ်ပြန်ရာမှာ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်တိုက်ဖျက်ရေးအတွက် နိုင်ငံရေးအသိ နိုးကြားမှုတွေကအစ စီးပွားရေးနဲ့လူမှုရေး တိုးတက်ဖို့အတွက်နဲ့ ကျန်းမာရေးတိုးတက်ဖို့အကြောင်းတွေကို ဖော်ပြထားပါတယ်။ ဗွီအိုအေ မြန်မာပိုင်းအစီအစဉ်ရဲ့ ထိုင်းနိုင်ငံအခြေစိုက် သတင်းထောက် ဒေါ်အေးအေးမာက တင်ပြထားပါတယ်။

ဒီဇင်ဘာလ ၁ ရက်နေ့မှာကျရောက်မယ့် ကမ္ဘာ့အေအိုင်ဒီအက်စ်တိုက်ဖျက်ရေး အထိန်းအမှတ်အဖြစ် လှုံ့ဆော်မှုတွေကို မြန်မာနိုင်ငံမှာ ပြုလုပ်မယ့်အကြောင်း ၈၈ မျိုးဆက်ကျောင်းသားတွေက ဒီကနေ့မှာ ပြောကြားလိုက်ပါတယ်။

> "ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးနေ့မှာ ကျနော်တို့ ၈၈ မျိုးဆက်ကျောင်းသားတွေအနေနဲ့က လက်ကမ်းစာစောင်တွေရယ်၊ ကမ္ဘာ့ကုလသမဂ္ဂကထုတ်ထားတဲ့ လက်ကမ်းစာစောင်တွေရယ်ကို ကျနော်တို့ ဖြန့်ဝေသွားမှာဖြစ်ပါတယ်၊ အဲဒီလိုဖြန့်ဝေတဲ့အခါမှာ ကျနော်တို့ဟာ အင်္ကျီအဖြူတွေ ဝတ်ပါမယ်။ ဖဲကြိုးနီတွေကို တပ်ပါတယ်။ ဖဲကြိုးနီဆိုတာက အိတ်ချ်အိုင်ဗွီ ရောဂါသည်တွေကို စာနာတဲ့ ကူညီတဲ့ ကျနော်တို့ အထိန်းအမှတ် ဖြစ်တယ်ဆိုတာကို မြန်မာပြည်သူလူထုသိအောင် ပြသမှာဖြစ်ပါတယ်။ စည်းစနစ်ကျတဲ့ လှုပ်ရှားမှုပုံစံနဲ့ ကျနော်တို့ လှုပ်ရှားသွားမှာပါ။ ဒါဟာ ကမ္ဘာ့မိသားစုကြီးနဲ့အတူ ကျနော်တို့ဟာ ပါဝင်လှုပ်ရှားနေတယ်ဆိုတာကို ကျနော်တို့ ပြသမှာဖြစ်ပါတယ်။ အဲ့ဒီလက်ကမ်းစာစောင်တွေကို ရန်ကုန်မြို့တွင်းမှာ ကျနော်တို့ ဖြန့်ဝေမှာဖြစ်သလို ဆင်ခြေဖုံးမြို့တွေမှာရော၊ နယ်မြို့တွေမှာပါ ကျနော်တို့ ဖြန့်ဝေမှာဖြစ်ပါတယ်။ အိတ်ချ်အိုင်ဗွီရောဂါသည်များအတွက်လည်း ကျနော်တို့ ၈၈ မျိုးဆက်ကျောင်းသားတွေအနေနဲ့ တက်နိုင်တဲ့အပိုင်းကနေပြီးတော့ အလှူဒါနပြုလုပ်သွားမှာ ဖြစ်ပါတယ်။"

အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ပြဿနာဟာ ဒေသတွင်းမှာ ခြိမ်းခြောက်နေတာကြောင့် အမျိုးသားရေးပြဿနာအဖြစ် တိုက်ဖျက်ရေးကို လုပ်ဆောင်သွားရမှာဖြစ်ကြောင်း ကျောင်းသားတွေက ပြောကြားပါတယ်။

> "အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါဟာ ဒါဟာ အမျိုးသားရေးပြဿနာတစ်ခု ဖြစ်နေတယ်၊ ဒေသတွင်းကို မမြင်ရတဲ့ခြိမ်းခြောက်မှုတစ်ခုလို့ ကျနော်တို့ သတ်မှတ်လို့ရတယ်။ လူမျိုးတုံးစေမယ့်ရောဂါလည်းဖြစ်တယ်။ ဒီရောဂါကို အချိန်မီ ဟန့်တားကာကွယ်နိုင်ဖို့က ကျနော်တို့ရဲ့ အရေးကြီးဆုံးပြဿနာလို့ ကျနော်တို့ ယူဆတယ်။ ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့မှာ ကျနော်တို့ ထုတ်ပြန်တဲ့ ဆောင်ပုဒ်လေးမှာတော့ 'အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ၊ အမျိုးသားရေးပြဿနာ၊ ဝိုင်းဝန်းကူညီပါ။ ကမ္ဘာ့ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်ကြ။' ဆောင်ပုဒ်လေးတစ်ခု ထုတ်ထားတာဖြစ်ပါတယ်။ အဲ့ဒါကတော့ အမျိုးသားရေး ပြဿနာဖြစ်သလို တစ်မျိုးသားလုံးက ဝိုင်းဝန်းကူညီရမှာဖြစ်သလို ကမ္ဘာ့မိသားစုနဲ့အတူ ပူးပေါင်းဆောင်ရွက်ရမယ်ဆိုတာကို ကျနော်တို့ ရည်ညွှန်းပြသထားတာဖြစ်ပါတယ်။"

မြန်မာနိုင်ငံမှာ အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်နဲ့ပတ်သက်ပြီး ဝေဒနာရှင်တွေနဲ့ ရောဂါပြန့်ပွားမှုနှုန်းဟာ ဘယ်လောက်အတိုင်းအတာထိ ရှိနေပြီလဲလို့ မေးတဲ့အခါမှာတော့ –

> "ယူအန် ခန့်မှန်းချက် စာရင်းဇယားတစ်မျိုးရှိသလို နအဖရဲ့ ခန့်မှန်းချက်စာရင်းတစ်မျိုး ရှိတယ်။ အဲ့ဒီတော့ ဘယ်ဟာက တိကျသေချာမလဲဆိုတာကတော့ ကျနော်တို့ မပြောနိုင်ပေမယ့်လည်း ရတဲ့ကိန်းဂဏန်းတွေကို ကြည့်လိုက်မယ်ဆိုလို့ရှိရင် အခြေအနေဟာ ဆိုးနေတယ်လို့ ကျနော်တို့ ပြောလို့ရမှာပါ။ အထူးသဖြင့်ပေ့ါဗျာ၊ နယ်စပ်ဒေသတွေမှာ ကရင်ဒေသပေ့ါဗျာ။ ငြိမ်းချမ်းရေး ကျနော်တို့ ရအောင်လုပ်နိုင်မှ တိုက်ဖျက်လို့ရအောင် လုပ်နိုင်မယ့်အခြေအနေ၊ အပစ်အခတ်ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေးမလုပ်နိုင်ဘူးဆိုရင်

ကရင်ပြည်နယ်မှာဖြစ်ပွားနေတဲ့ အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါတွေကို ကျနော်တို့ ဘယ်လို ပူးပေါင်းတိုက်ဖျက်ကြမလဲ။ အလားတူပဲ ကရင်နီဒေသ စတဲ့ နယ်စပ်ဒေသတွေမှာ စီးပွားရေး၊ နိုင်ငံရေးအရ ကျနော်တို့က ခိုင်မာအောင် မတည်ဆောက်နိုင်ဘဲနဲ့ ဒီရောဂါတွေကို ဘယ်လို တိုက်ဖျက်ကြမလဲဆိုတဲ့ စဉ်းစားစရာတွေ အများကြီးရှိတယ်ပေ့ါဗျာ။ အဲဒီအပေါ်မှာလည်း ကျနော်တို့ စိုးရိမ်မှုရှိပါတယ်။ မဖြူဖြူသင်း တို့လုပ်နေတဲ့ ဒီ Peer Coach ပေ့ါ။ သူတို့လှုပ်ရှားနေတဲ့ လှုပ်ရှားမှုတွေထဲမှာလည်း ကျနော်တို့ ပါဝင်ဆောင်ရွက်ပြီးတော့ တက်နိုင်သလောက် ကူညီအားပေးတာတွေ ရှိတယ်။ အဓိက ဆောင်ရွက်တာ ကတော့ အန်ဂျီအို အဖွဲ့အစည်းတွေပေ့ါဗျာ၊ နောက် သဇင် ဆေးကုခန်းလိုမျိုး အဖွဲ့အစည်းမျိုးတွေ။ ဒီလို အဖွဲ့အစည်းတွေက ဆောင်ရွက်နေကြတာပါ။ သို့သော် ဆောင်ရွက်မှုကလည်း လုံလောက်မှုမရှိဘူးလို့ ကျနော်တို့ သိရတယ်လေ။ အန်ဂျီအိုအဖွဲ့အစည်းတွေက ကြိုက်သလို လုပ်ခွင့်မရှိတာလည်း ပါတယ်လို့ ကျနော် မြင်ရတယ်လေ။”

မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး မတည်ငြိမ်မှုတွေနဲ့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေတွေ မရှိတာတွေကြောင့် အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားမှုနှုန်း များလာတဲ့အကြောင်းကိုလည်း –

“ဒီ အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ ပြန့်ပွားနေရတဲ့ အကြောင်းရင်းကို ကြည့်လိုက်မယ် ဆိုရင် စီးပွားရေးပြဿနာကိုလည်း အရင်းခံလို့ရတယ်။ စီးပွားရေးပြဿနာဆိုတာကလည်း နိုင်ငံရေးအပေါ် မှာ အခြေခံတယ်လေ။ အဲတော့ အဓိကကတော့ နိုင်ငံရေးပြဿနာရှင်းနိုင်မှ စီးပွားရေး ပိုပြီးကောင်းလာ မယ်၊ စီးပွားရေးလမ်းတွေ ပွင့်လာမယ်လို့ ကျနော် ထင်တယ်။ နိုင်ငံရေးပြဿနာကို ပြန်ပြီး ချုပ်လိုက်မယ် ဆိုလို့ရှိရင်လည်း ကျနော်တို့ စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးတစ်ခု ပေါ်ပေါက်လာဖို့ လိုတယ်။ အဲတော့ စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး ပေါ်ပေါက်လာမှ နိုင်ငံရေးပြဿနာတွေ ပြေလည်မယ်၊ နိုင်ငံရေးပြဿနာတွေ ပြေလည်တဲ့အခါကျမှ စီးပွားရေးလုပ်ငန်းတွေဟာ လောလောလက်လက်နဲ့ လုပ်ကိုင် လို့ရလာမယ်။ စိတ်ချလက်ချနဲ့ လုပ်ကိုင်လို့ရလာမယ်။ အဲဒါဆိုရင် တိုင်းပြည်က ဖွံ့ဖြိုးတိုးတက်လာမယ်၊ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ဒီ အိတ်ချ်အိုင်ဗွီရောဂါတွေကို အတော်များများကို ကျနော်တို့က ဟန့်တား နိုင်မယ်၊ တိုက်ဖျက်တဲ့နေရာမှာလည်း အများကြီး အောင်မြင်မှုရမယ်လို့ ကျနော်တို့ ယုံကြည်ပါတယ်။”

၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုဂျင်မီက အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါနဲ့ပတ်သက်ပြီး လှုံ့ဆော်မှုတွေ လုပ်ဆောင်မယ့်အကြောင်း ပြောဆိုသွားခြင်းဖြစ်ပါတယ်။